၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်မှ (၂၁)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၉	
၂	မကွေး	၄	
၃	မွန်	၇	
၄	ရခိုင်	၁	
၅	တနင်္သာရီ	၅	
၆	မန္တလေး	၆	
၇	ရန်ကုန်	၂	
၈	ပဲခူး	၁	
၉	ကချင်	၅	
၁၀	ဧရာဝတီ	၁	
၁၁	ကယား	၁	
	စုစုပေါင်း	၄၂	

စက်တင်ဘာ (၁၅)ရက်မှ (၂၁) ရက်အတွင်းတွင် စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် လေကြောင်း အသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ မန္တလေးတိုင်းဒေသ ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ အမျိုးသမီးများ အပါအဝင် ဒေသခံ ပြည်သူ (၁၃၀)ကျော်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ ကချင်ပြည်နယ် ရွှေကူ မြို့နယ်မှ ပြည်သူ (၁)ဦးကို စစ်အာဏာရှင်တပ်သားများက မီးရှို့သတ်ဖြတ်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ၊ ပုသိမ်အကျဉ်းထောင်တွင် ဝန်ထမ်း များက နိုင်ငံရေး အကျဉ်းသားများ၏ မိသားစုဝင်များထံမှ ငွေကြေး လိမ်လည် တောင်းခံမှုများ ပြုလုပ်ခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်မှ (၂၁)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ	အကြိမ်ရေ	မှတ်ချက်
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၁၀	
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၇	
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၁၁	
၄	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၇	
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၂	
၆	ဖမ်းဆီးခံရခြင်း	၇	
၇	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၄	
၈	ငွေကြေးတောင်းခံခြင်း	၂	
၉	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခံရခြင်း	၂	
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ဖျက်/ဖျက်ဆီးခြင်း	၁၀	
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ဖျက်/ဖျက်ဆီးခြင်း	၂	
၁၂	လေကြောင်းအသုံးပြုခြင်း	၃	
၁၃	အသက်မပြည့်သေးသော ကလေးများ ထိခိုက်ခြင်း	၂	
၁၄	နေရပ်ဒေသ စွန့်ခွာရခြင်း	၂	
၁၅	အသက်မပြည့်သေးသော ကလေးများ သေဆုံးခြင်း	၁	
၁၆	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၄	
၁၇	ပြည်သူများကို မီးရှို့သတ်ခြင်း	၁	

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူ (၁၈)ဦး ခန့် သေဆုံးခဲ့ပြီး (၂၉)ဦး ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများက တပတ်အတွင်း ပြည်သူ (၅၀)နီးပါးကို ဖမ်းဆီးခဲ့ပြီး ပြည်သူ (၃၆)ဦးကို ဖမ်းဆီး သတ်ဖြတ်ခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အသက်မပြည့်သေးသူ (၁)ဦး သေဆုံးခဲ့ရပြီး (၃)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram